## သာသနာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီနှင့် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာ ကော်မတီတို့၏ လုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာ

### နိဒါန်း

၁။ ၂၀၁၈ခုနှစ်၊ မေလ(၂၁)ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီးလွှတ်တော်တွင် ကျင်းပခဲ့သော ရေးရာကော်မတီ (၁၄)ဖွဲ့၏ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ညှိနှိုင်းအစည်းအဝေးတွင် ပထမအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော်က ပြဋ္ဌာန်းပြီးသော ဥပဒေ၊ နည်းဥပဒေများအား ပြင်ဆင်ဖြည့်စွက်ရန် လမ်းညွှန်ချက်အရ အစီရင်ခံစာရေးသားတင်ပြရခြင်း ဖြစ်ပါသည်။

### ရည်ရွယ်ချက်

၂။ အထက်ပါအစည်းအဝေးမှ တာဝန်ပေးအပ်ချက်အရ သာသနာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီနှင့် တိုင်းရင်းသား လူမျိုးများအရေးဆိုင်ရာကော်မတီတို့မှ ပူးပေါင်း၍ အောက်ပါ ဥပဒေများအား ပြင်ဆင်ဖြည့်စွက်နိုင်ရေး လေ့လာဆောင်ရွက်ရန် ရည်ရွယ်ပါသည်-

(က) မန္တလေးတိုင်းဒေသကြီး ရုပ်ရှင်ရုံနှင့် ဗွီဒီယိုရုံဥပဒေ (၂၀၁၄ခုနှစ်)

(ခ) မန္တလေးတိုင်းဒေသကြီး ပြတိုက်နှင့် စာကြည့်တိုက်များဥပဒေ (၂၀၁၄ခုနှစ်)

(ဂ) မန္တလေးတိုင်းဒေသကြီး ဇာတ်ရုံဆိုင်ရာဥပဒေ (၂၀၁၄ခုနှစ်)

(ဃ) မန္တလေးတိုင်းဒေသကြီး ဓာတ်ပုံ၊ပန်းချီ၊ ပန်းပုပြပွဲများဥပဒေ (၂၀၁၄ခုနှစ်)

(င) မန္တလေးတိုင်းဒေသကြီး တိုင်းရင်းဆေးဝါးဥပဒေ (၂၀၁၅ခုနှစ်)

(စ) မန္တလေးတိုင်းဒေသကြီး ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေးဥပဒေ (၂၀၁၅ခုနှစ်)

### လုပ်ငန်းဆောင်ရွက်ချက်များ

၃။ ပူးပေါင်းကော်မတီမှ အစည်းအဝေးများကို (၉.၇.၂၀၁၈)မှ (၅.၉.၂၀၁၈)အတွင်း (၅) ကြိမ်၊ ရက်အားဖြင့် (၁၁)ရက် ကျင်းပခဲ့ပါသည်။ ပထမအကြိမ်အစည်းအဝေးမှ အစည်းအဝေးအမှတ်စဉ် (၂/၂၀၁၈)ကို (၉.၇.၂၀၁၈)မှ (၁၁.၇.၂၀၁၈)အထိ သုံးရက်ကြာကျင်းပခဲ့ပါသည်။ အစည်းအဝေးတွင် ဆွေးနွေးခဲ့သည့် အကြောင်းအရာများနှင့် ဆုံးဖြတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) မတ္တရာမြို့မှ ဒေသခံတက်ကြွသူ လူငယ်များနှင့် တွေ့ဆုံပြီးၤင်းတို့၏ ဖိတ်ကြား ချက်အရ မတ္တရာမြို့သမိုင်းဖော်ထုတ်ရန်နှင့် မတ္တရာမြို့ရှိ လွန်ခဲ့သော နှစ်(၁၀၀) ကျော်က တည်ဆောက်ခဲ့သော မတ္တရာဆရာတော်ကြီး ကျောင်းတိုက်အား လေ့လာ ရန်၊ ၂၀၁၈ခုနှစ်၊ ဩဂုတ်လ (၁)ရက်နေ့တွင် မတ္တရာမြို့သို့ ကွင်းဆင်းရန်

(ခ) ၂၀၁၅ခုနှစ် မန္တလေးတိုင်းဒေသကြီး ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေး ဥပဒေကို ဦးစွာလေ့လာသုံးသပ်ဆန်းစစ်ရန် ရွေးချယ်ပြီး လေ့လာခဲ့ကြပါသည်

(ဂ) ၂၀၁၅ခုနှစ် မန္တလေးတိုင်းဒေသကြီး ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေး ဥပဒေကို လေ့လာသုံးသပ်ပြီးနောက် ဤဥပဒေအရ ဖွဲ့စည်းထားသည့် မန္တလေး တိုင်းဒေသကြီး ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းကြီးကြပ်ရေး ကော်မတီသို့ ဥပဒေနှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းနိုင်ရန် တာဝန်ရှိသူ တစ်ဦးကို ဖိတ်ခေါ်ရန်အတွက် လွှတ်တော်ဥက္ကဋ္ဌသို့တင်ပြခြင်း

(ဃ) ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် အခြားကျန်ရှိသည့် ရုပ်ရှင်ရုံနှင့် ဗွီဒီယို ရုံဥပဒေ၊ ပြတိုက်နှင့် စာကြည့်တိုက်များဥပဒေ၊ ဓာတ်ရုံဆိုင်ရာ ဥပဒေ၊ ဓာတ်ပုံ၊ ပန်းချီ၊ ပန်းပုပြပွဲများဥပဒေ၊ တိုင်းရင်းဆေးဝါးဥပဒေများကို လေ့လာ ဆန်းစစ် သုံးသပ်ရန် ဆွေးနွေးဆုံးဖြတ်ခဲ့ကြပါသည်။

၄။ ပူးပေါင်းကော်မတီ၏ ဒုတိယအကြိမ်အစည်းအဝေးမှ အစည်းအဝေးအမှတ်စဉ် (၃/၂၀၁၈) ကို (၁.၈.၂၀၁၈)မှ (၂.၈.၂၀၁၈) အထိ (၂)ရက်ကြာ ကျင်းပခဲ့ပါသည်။ အစည်းအဝေး၏ ပထမနေ့ (၁.၈.၂၀၁၈) ရက်တွင် မတ္တရာမြို့နယ်သို့ ကွင်းဆင်းခဲ့ပါသည်။ မတ္တရာမြို့နယ်တွင်ကျင်းပသည့် တွေ့ဆုံဆွေးနွေးပွဲသို့ ကော်မတီ(၂)ရပ်ပေါင်းမှ ကော်မတီဝင်များ၊ မတ္တရာမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်အေး၊ မတ္တရာမြို့နယ် အုပ်ချုပ်ရေးမှူးနှင့် မြို့မိမြို့ဖများ၊ ဒေသခံ တက်ကြွလူငယ်များနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ခဲ့ကြပါသည်။ ဆွေးနွေးခဲ့သည့် အကြောင်းအရာများမှာ-

(က) မတ္တရာမြို့သမိုင်း အမှန်ပေါ်ပေါက်လာရန်

(ခ) မတ္တရာမြို့ နှစ်(၁၀၀၀) ပြည့် ကျင်းပနိုင်ရန်

(ဂ) မတ္တရာမြို့ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် နေရာများအား ယဉ်ကျေးမှု အမွေ အနှစ် စာရင်းဝင်ရန်တို့ ဖြစ်ပါသည်။

၅။ ပူးပေါင်းကော်မတီမှ ပြန်လည်သုံးသပ်အကြံပြုချက်များမှာ-

(က) မတ္တရာမြို့၏သမိုင်း ပေါ်ပေါက်လာရန်အတွက် တရားဝင်အဖွဲ့အစည်း ထူထောင်၍ ဆက်လက်ဆောင်ရွက်ရန်၊

(ခ) မတ္တရာမြို့ နှစ်(၁၀၀၀)ပြည့် ကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာပညာရှင်များနှင့် မြို့တည်နှစ်အား အတည်ပြုနိုင်ရေးဆွေးနွေးရန်

(ဂ) မတ္တရာမြို့ရှိ ရှေးဟောင်းယဉ်ကျေးမှုနေရာများအား စနစ်တကျစာရင်းပြုစု၍ ကော်မတီသို့ ပေးပို့ပေးနိုင်ရန်အတွက် တောင်းဆိုခြင်း တို့ဖြစ်ပါသည်။

၆။ နေ့လည်ပိုင်းတွင် မတ္တရာမြို့နယ်၊ ကျောက်တံတားကျေးရွာအုပ်စု၊ ရှမ်းရွာသို့ သွားရောက်၍ ဒေသခံရှမ်းတိုင်းရင်းသားများနှင့် တွေ့ဆုံခဲ့ပါသည်။ တွေ့ဆုံပွဲသို့ ပူးပေါင်းကော်မတီ(၂)ရပ်မှ ကော်မတီဝင်များ၊ မတ္တရာမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်အေး၊ ကျောက်တံတားကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများ၊ ဒေသခံ ကျေးရွာသူ/သားများ တက်ရောက်ခဲ့ပါသည်။ တွေ့ဆုံပွဲတွင် ဒေသခံရှမ်းတိုင်းရင်းသားများ၏ တင်ပြချက်များမှာ-

(က) ရှမ်းစာပေနှင့် ယဉ်ကျေးမှု ပြန်လည်ဖော်ထုတ်ပေးရန်နှင့် အဆင့်မြှင့်တင်ပေးရန်၊

(ခ) တိုင်းရင်းသားများ၏ အမျိုးသားမှတ်ပုံတင်တွင် ဗမာ၊ ဗုဒ္ဓ အဖြစ် ဖြည့်စွက်ထားမှု အားရှမ်း၊ ဗုဒ္ဓသို့ ပြောင်းလဲပေးစေလိုသည့်အချက်များ၊

(ဂ) လမ်းပန်းဆက်သွယ်ရေး အခက်အခဲရှိနေသည့်အချက်များကို တင်ပြခဲ့ပါသည်။

၇။ တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ ဒေါက်တာကျော်ဦးမှ ကော်မတီမှ လုပ်ဆောင်လျက်ရှိသည့် ဒေသခံတိုင်းရင်းသားများ၏ လူမှုရေး၊ စီးပွားရေးနှင့် စိတ်ပိုင်းဆိုင်ရာ သုတေသနအတွက် ထိုရှမ်းရွာသို့ လာရောက်လေ့လာခွင့်ပြုပါရန် တောင်းဆိုချက်ကို ရွာခံတိုင်းရင်းသား များမှ ဝမ်းပန်းတသာ ကြိုဆိုကြပါသည်။

၈။ အစည်းအဝေး ဒုတိယနေ့ကို (၂.၈.၂၀၁၈)ရက်နေ့တွင် ဆက်လက်ကျင်းပခဲ့ပါသည်။ အစည်းအဝေးတွင် ပထမနေ့ကွင်းဆင်းခဲ့သည့် အကြောင်းအရာများအား ပြန်လည်သုံးသပ် ဆွေးနွေးခြင်းနှင့် ကွင်းဆင်းအစီရင်ခံစာကို လွှတ်တော်ဥက္ကဋ္ဌသို့ တင်ပြခဲ့ပါသည်။ အခြား ဆွေးနွေးသည့် အကြောင်းအရာများမှာ -

(က) လေ့လာခဲ့ပြီးသော ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေးဥပဒေကို လိုအပ်ပါ က ပြင်ဆင်ဖြည့်စွက်နိုင်ရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိသူများအား ကော်မတီ အစည်းအဝေးသို့ ဖိတ်ခေါ်ရန်

(ခ) ပူးပေါင်းကော်မတီ၏ တတိယအကြိမ်အစည်းအဝေးတွင် ၂၀၁၅ခုနှစ် မန္တလေးတိုင်းဒေသကြီး တိုင်းရင်းဆေးဝါးဥပဒေကို ဆွေးနွေးမည် ဖြစ်၍ ကော်မတီဝင်များမှ ကြိုတင်လေ့လာနိုင်ရန် ဆွေးနွေးဆုံးဖြတ်ခဲ့ကြပါသည်။

၉။ ပူးပေါင်းကော်မတီ၏ တတိယအကြိမ်အစည်းအဝေးမှ အစည်းအဝေးအမှတ်စဉ် (၄/၂၀၁၈) ကို (၉.၈.၂၀၁၈)မှ (၁၀.၈.၂၀၁၈)အထိ (၂)ရက်အကြာ ကျင်းပခဲ့ပါသည်။ အစည်းအဝေး ပထမနေ့တွင် အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်အဖြစ် ရှေးဟောင်းသုတေသနဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်စိုးစိုးဝင်း တက်ရောက်ခဲ့ပါသည်။ အစည်းအဝေးတွင် ဆွေးနွေးခဲ့သည့် အကြောင်းအရာမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

၁၀။ ဒေါ်စိုးစိုးဝင်းမှ ဆွေးနွေးရာတွင် ယနေ့ကော်မတီသို့ လာရောက်ရသည့်အကြောင်းအရင်းကို မသိရှိရကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့မှစေလွှတ်၍ လာရောက်ရခြင်းဖြစ်ကြောင်း၊ မန္တလေးတိုင်းဒေသကြီး ရှေးဟောင်းသုတေသနဦးစီးဌာနအနေဖြင့် ၂၀၁၅ခုနှစ် မန္တလေးတိုင်းဒေသကြီး ယဉ်ကျေးမှု အမွေအနှစ်များထိန်းသိမ်းရေးဥပဒေကို မသိရှိကြောင်းနှင့် လက်ရှိတွင် ပြည်ထောင်စုမှပြဋ္ဌာန်းထားသည့် ဥပဒေ(၃)ခုကိုသာ ကိုင်ဆောင်၍ အလုပ်လုပ်နေကြောင်း၊ တိုင်းဒေသကြီးအစိုးရမှလည်း ဤဥပဒေအရ တိုင်းဒေသကြီးယဉ်ကျေးမှုအမွေအနှစ်များ ကြီးကြပ်ထိန်းသိမ်းရေးကော်မတီကို ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း မရှိပါသဖြင့် ကော်မတီ၏ လုပ်ရှားမှုများနှင့် ဆောင်ရွက်ချက်များလည်း မရှိကြောင်း၊ ယနေ့ လာရောက်သည်မှာလည်း ယင်းကော်မတီကို ကိုယ်စားပြု၍ လာရောက်ခြင်းမဟုတ်ကြောင်း၊ ယနေ့ ကော်မတီအစည်းအဝေးသို့ တက်ရောက်မည်ဖြစ်၍ နေပြည်တော်ရှိဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံ လမ်းညွှန်မှုတောင်းခံရာမှ ရှေးဟောင်းနှင့် ပတ်သက်သည့် အချိုကိစ္စရပ်များကို တိုင်းဒေသကြီးအဆင့်ဖြင့် အပြီးအပြတ် ဆောင်ရွက်နိုင်ရန် လမ်းညွှန်မှာကြားထားကြောင်း မိတ်ဆက် ဆွေးနွေးပါသည်။

၁၁။ ပူးပေါင်းကော်မတီ၏ မေးမြန်းချက်များကို ဖြေကြားရာတွင် ၂၀၁၅ခုနှစ် မန္တလေးတိုင်းဒေသကြီး ယဉ်ကျေးမှုအမွေအနှစ်များထိန်းသိမ်းရေးဥပဒေကို မသိရှိကြောင်း၊ ယင်းကော်မတီကို ဖွဲ့စည်းထားခြင်း မရှိသည့်အတွက် ကော်မတီ၏ လှုပ်ရှားမှုနှင့် ဆောင်ရွက်ချက်များ မရှိသေးကြောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီး

ဌာနမှ ထိန်းသိမ်းထားသော ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံတည်ရှိရာ ဇုံများအဖြစ် သတ်မှတ်ထားသောနေရာများမှာ-

(က) တမုတ်

(ခ) ပင်လယ်

(ဂ) ဝတီး

(ဃ) ပလိပ်

(င) အင်းဝ

(စ) တကောင်း

(ဆ) ပင်းယ

(ဇ) မြင်စိုင်း

(ဈ) မန္တလေး တို့ဖြစ်ကြောင်း၊ ပုဂံရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဇုံကို ပြည်ထောင်စုဝန်ကြီးဌာနမှ တိုက်ရိုက်ကိုင်တွယ်ကြောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်း နောက်ထပ်ယဉ်ကျေးမှု အမွေအနှစ်ဒေသအဖြစ် သတ်မှတ်ရန် လျာထားသည့်နေရာများ မရှိကြောင်း၊ ယဉ်ကျေးမှုအမွေအနှစ် ဇုံအဖြစ် သတ်မှတ်ပါက ဒေသခံပြည်သူလူထု၏ စီးပွားရေး၊ လူမှုရေး အကြပ်အတည်းများ ဖြစ်ပေါ်လာမည်စိုး၍ဖြစ်ကြောင်း ဖြေကြားဆွေးနွေးပါသည်။

၁၂။ ပူးပေါင်းကော်မတီဝင်များမှ အကြံပြုဆွေးနွေးရာတွင် ၂၀၁၅ခုနှစ် မန္တလေးတိုင်းဒေသကြီး ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေးဥပဒေအရ ဖွဲ့စည်းရမည့် မန္တလေးတိုင်းဒေသကြီး ယဉ်ကျေးမှု အမွေအနှစ်များ ကြီးကြပ်ထိန်းသိမ်းရေးကော်မတီကို ဖွဲ့စည်းပေးရန်အတွက် အတွင်းရေးမှူးအဖြစ် တာဝန်ယူရမည့်အပြင် ကော်မတီ၏ ရုံးလုပ်ငန်းများကိုပါ တာဝန်ယူ ဆောင်ရွက်ရမည့် ရှေးဟောင်းသုတေသန ဦးစီးဌာနအနေဖြင့် အစိုးရအဖွဲ့သို့ အကြံပြုတိုက်တွန်း စေချင်ကြောင်း၊ ၂၀၁၅ခုနှစ် မန္တလေးတိုင်းဒေသကြီး ယဉ်ကျေးမှုအမွေအနှစ်များဥပဒေကို လွှတ်တော်မှ အတည်ပြုပြဋ္ဌာန်းပြီး ဖြစ်သည့်အတွက် လက်တွေ့လိုက်နာကျင့်သုံး ဆောင်ရွက်စေလိုကြောင်း၊ သို့မှသာ ယင်းဥပဒေ၏ အားသာချက်၊ အားနည်းချက်များနှင့် လက်တွေ့ လုပ်ဆောင်ရာတွင် ကွာဟမှုများကို သိရှိနိုင်မည်ဖြစ်ကြောင်း၊ အချို့ကိစ္စရပ်များတွင် ရှေးဟောင်းသုတေသန ဦးစီးဌာနမှ တာဝန်ယူဖြေရှင်းရာတွင် လူအင်အား၊ ငွေကြေးအင်အားနှင့် နည်းပညာ အခက်အခဲ များကြုံတွေ့နိုင်ကြောင်း၊ ၂၀၁၅ခုနှစ် မန္တလေးတိုင်းဒေသကြီး ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်း

ရေးဥပဒေအရ ကော်မတီဖွဲ့၍ ဆောင်ရွက်မည်ဆိုပါက ပိုမိုလျှင်မြန်ထိရောက်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ဆွေးနွေးပါသည်။

၁၃။ အစည်းအဝေး ဒုတိယနေ့တွင် တက်ရောက်လာသော ကော်မတီဝင်များမှ ၂၀၁၅ခုနှစ် မန္တလေးတိုင်းဒေသကြီး တိုင်းရင်းဆေးဝါးဥပဒေအား လေ့လာသုံးသပ်စိစစ်ခြင်းများ ဆောင်ရွက်ကြပါသည်။

၁၄။ တတိယအကြိမ် အစည်းအဝေး၏ အစည်းအဝေးဆုံးဖြတ်ချက်များမှာ ၂၀၁၈ခုနှစ် ဩဂုတ်လ (၁၆)ရက်နေ့တွင် မတ္တရာမြို့နယ်၊ ကျောက်တံတားကျေးရွာအုပ်စု၊ ရှမ်းရွာသို့ သွားရောက်၍ ဒေသခံ တိုင်းရင်းသားလူမျိုးများအား သုတေသနပြုရန်၊ မန္တလေးတိုင်းဒေသကြီး တိုင်းရင်းဆေးဝါးဥပဒေအား ပြင်ဆင်ဖြည့်စွက်ရေးနှင့် ပတ်သက်၍ ကော်မတီ၏ စတုတ္ထအကြိမ် အစည်းအဝေးကို (၂၉.၈.၂၀၁၈) ရက်နေ့နှင့် (၃၀.၈.၂၀၁၈) ရက်နေ့တို့တွင် အစည်းအဝေးကျင်းပရန် အစည်းအဝေးသို့ တိုင်းဒေသကြီး တိုင်းရင်းဆေးဝါး ဦးဆောင်ကော်မတီမှ တာဝန်ရှိသူတစ်ဦးကို တက်ရောက်နိုင်ရေးအတွက် ဖိတ်ကြားရန် ဆုံးဖြတ်ကြပါသည်။

၁၅။ ပူးပေါင်းကော်မတီ၏ ပဉ္စမအကြိမ်နှင့် ဆဋ္ဌမအကြိမ်အစည်းအဝေး အစည်းအဝေး အမှတ်စဉ် ၆/၂၀၁၈ နှင့် ၇/၂၀၁၈ကို (၂၉.၇.၂၀၁၈)မှ (၅.၉.၂၀၁၈) အတွင်း (၄)ရက်အကြာ ကျင်းပခဲ့ပါသည်။ အစည်းအဝေးသို့ အထူးဖိတ်ကြားထားသော ဧည့်သည်တော်အဖြစ် မန္တလေးတိုင်းဒေသကြီး တိုင်းရင်းဆေးပညာဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဒေါ်ခင်ဖြူသက် တက်ရောက် ပါသည်။

၁၆။ အစည်းအဝေးတွင် ဆွေးနွေးခဲ့သည့်အကြောင်းအရာများမှာ ဒေါ်ခင်ဖြူသက်မှ ဆွေးနွေးရာတွင် ၂၀၁၅ခုနှစ် မန္တလေးတိုင်းဒေသကြီး တိုင်းရင်းဆေးဝါးဥပဒေ ပြဋ္ဌာန်းထားသည်ကို သိရပါကြောင်း၊ သို့သော် ယင်းဥပဒေအား လေ့လာရန်အတွက် ဌာနတွင် ဥပဒေစာအုပ်မရှိကြောင်း၊ ယင်းဥပဒေအား လက်တွေ့လိုက်နာကျင့်သုံးဆောင်ရွက်ခြင်းမရှိကြောင်း၊ လုပ်ငန်းကိစ္စများကို ရုံးချုပ်ကချမှတ်သော မူဝါဒများအတိုင်းသာ ဆောင်ရွက်နေကြောင်း၊ အကိုးအကား ဥပဒေများအဖြစ် မြန်မာနိုင်ငံ တိုင်းရင်းဆေး ကောင်စီဥပဒေနှင့် မြန်မာနိုင်ငံတိုင်းရင်းဆေးဝါးများ ဥပဒေတို့ကိုသာ အသုံးပြုကြောင်း၊ ယနေ့ အစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီး တိုင်းရင်းဆေး ဦးစီးဌာန ဦးစီးမှူး၏ တာဝန်ပေးချက်အရ တက်ရောက်ရခြင်းဖြစ်ကြောင်းတို့ကို မိတ်ဆက် ဆွေးနွေးပါသည်။

၁၇။ ပူးပေါင်းကော်မတီဝင်များ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြား ဆွေးနွေးရာတွင် ၂၀၁၅ခုနှစ် မန္တလေးတိုင်းဒေသကြီး တိုင်းရင်းဆေးဝါးဥပဒေပြဋ္ဌာန်းထားသည်ကို သိရှိသော်လည်း မလေ့လာဖူး၊ မဖတ်ဖူးကြောင်း၊ ယင်းဥပဒေအရ ဖွဲ့စည်းရမည့် တိုင်းဒေသကြီး တိုင်းရင်းဆေးဝါး ဦးဆောင်ကော်မတီ ကိုလည်း ဖွဲ့စည်းထားခြင်းမရှိသေးကြောင်း၊ တိုင်းရင်းဆေးဝါး မှတ်ပုံတင်ခြင်းနှင့် တိုင်းရင်းဆေးဝါး ထုတ်လုပ်ခြင်း၊ လိုင်စင်လျှောက်ထားခြင်းနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များကို ဗဟိုမှဖွဲ့စည်းပေးသည့် ကော်မတီဖြင့်သာ ဆောင်ရွက်နေကြောင်း၊ ယင်းကော်မတီတွင် ကော်မတီ ဥက္ကဋ္ဌအဖြစ် တိုင်းဒေသကြီး ဦးစီးဌာနမှူး တိုင်းရင်းဆေးဝါးဦးစီးဌာနမှ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ အဖွဲ့ဝင်များအဖြစ် တိုင်းကျန်းမာ ရေးဦးစီးဌာနမှ (၁)ဦး၊ တိုင်းဒေသကြီးအထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနမှ(၁)ဦး၊ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ(၁)ဦးနှင့် အတွင်းရေးမှူးအဖြစ် ကော်မတီ ဥက္ကဋ္ဌ တာဝန်ပေးအပ်သည့် တိုင်းရင်းဆေးမှူး (၁) ဦး စုစုပေါင်း(၅)ဦးဖြင့် ဖွဲ့စည်းထားကြောင်း၊ လက်ရှိတွင် မြန်မာနိုင်ငံတိုင်းရင်း ဆေးဝါးဥပဒေကို ပြင်ဆင်နိုင်ရန်အတွက် ရုံးချုပ်မှ လုပ်ဆောင်နေကြောင်း၊ စံမမီဆေးဝါးများကို စစ်ဆေးရာတွင် ရုံးချုပ်မှနမူနာ ကောက်ယူခိုင်းသော ဆေး(၅)မျိုး၊ (၁၀)မျိုးကို ဈေးကွက်အတွင်းမှကောက်ယူ၍ ရုံးချုပ်သို့ ပေးပို့စစ်ဆေးခြင်းသာရှိကြောင်း၊ တိုင်းဒေသကြီးအဆင့်ဖြင့် ဆောင်ရွက်ခြင်းမျိုးမရှိကြောင်း၊ ၂၀၁၅ခုနှစ် မန္တလေးတိုင်းဒေသကြီး တိုင်းရင်းဆေးဝါးဥပဒေအရ မန္တလေးတိုင်းဒေသကြီးအတွင်း တိုင်းရင်းဆေးဝါး ကုန်ကြမ်းနှင့် တိုင်းရင်းဆေးဝါးရောင်းချခြင်းများအပေါ် ခွင့်ပြုပေးနိုင်ခြင်း၊ ငြင်းပယ်နိုင်ခြင်းစသည့် ကိစ္စရပ်များကို မသိရှိသည့်အတွက် လက်ရှိတွင် တိုင်းရင်းဆေးဝါးကုန်ကြမ်း ရောင်းချသူများအား ခွင့်ပြုချက်ချထားပေးခြင်းမျိုး မရှိကြောင်း၊ ဤဥပဒေနှင့်ပတ်သက်၍ စည်းကမ်းဖောက်ဖျက်မှုများ၊ ဥပဒေ ချိုးဖောက်မှုများကို အရေးယူဆောင်ရွက်ရခြင်းမျိုး မရှိသေးကြောင်း၊ အခွင့်အခါကြုံ၍ တင်ပြလိုသည်မှာ မန္တလေးတိုင်းဒေသကြီး တိုင်းရင်းဆေးဦးစီးဌာန ရုံးမြေနေရာမရှိသည့်အတွက် အောင်မြေသာစံမြို့နယ် တိုင်းရင်းဆေးဦးစီးမှူးရုံးတွင် တိုင်း/ခရိုင်/မြို့နယ် ရုံး(၃)ခုပေါင်း၍ ကြပ်တည်းစွာ ရုံးထိုင်နေရပါသဖြင့် ရုံးနေရာအခက်အခဲအား ကော်မတီမှတဆင့် အစိုးရသို့ တင်ပြပေးစေလိုပါကြောင်း ပြန်လည်ဖြေကြား ဆွေးနွေးပါသည်။

၁၈။ ပူးပေါင်းကော်မတီဝင်များ၏ အကြံပြုဆွေးနွေးချက်များမှာ ၂၀၁၅ခုနှစ်၊ မန္တလေးတိုင်းဒေသကြီး တိုင်းရင်းဆေးဝါးဥပဒေကို လွှတ်တော်မှ အတည်ပြုပြဋ္ဌာန်းပြီးဖြစ်သည့်အတွက် လက်တွေ့လိုက်နာ ကျင့်သုံးဆောင်ရွက်စေလိုကြောင်း၊ ယင်းဥပဒေအရ ဖွဲ့စည်းရမည့် တိုင်းဒေသကြီးတိုင်းရင်းဆေးဝါး ဦးဆောင်ကော်မတီတွင် အတွင်းရေးမှူးအဖြစ် တာဝန်ယူရမည့်အပြင် ကော်မတီ၏ ရုံးလုပ်ငန်းများကိုပါ တာဝန်ယူဆောင်ရွက်ရမည့် ဦးစီးဌာနအနေဖြင့် ဦးဆောင်ကော်မတီဖွဲ့စည်းနိုင်ရေးအတွက် တိုင်းဒေသကြီး အစိုးရအား တိုက်တွန်းဆောင်ရွက်သင့်ကြောင်း၊

ဥပဒေကိုလက်တွေ့လိုက်နာကျင့်သုံးခြင်း မပြုသည့်အတွက် ကော်မတီ၏ လုပ်ပိုင်ခွင့်များကို မသိရှိဘဲ စံမမီဆေးဝါးများအား ကြီးကြပ်စစ်ဆေး အရေးမယူ နိုင်ခြင်း၊ တိုင်းရင်းဆေးဝါးကုန်ကြမ်းနှင့် ရောင်းချခွင့်များအား တရားဝင်ခွင့်ပြုပေးနိုင်ခြင်း စသည့် အကြောင်းအရာများကြောင့် ဤဥပဒေကို သေချာစွာလေ့လာဆန်းစစ်သုံးသပ်၍ လက်တွေ့လိုက်နာ ကျင့်သုံးစေလိုကြောင်း တိုက်တွန်းခြင်း၊ ထိုသို့ လိုက်နာကျင့်သုံးမှသာ ဥပဒေ၏ အားသာချက်၊ အားနည်းချက်များနှင့် လက်တွေ့နှင့် ကွာဟချက်များကို သိရှိနိုင်မည်ဖြစ်ကြောင်း၊ ရုံးမြေနေရာနှင့် ပတ်သက်၍ ကော်မတီအစီရင်ခံစာတွင် ထည့်သွင်းဖော်ပြပေးသွားမည်ဖြစ်ကြောင်းတို့ကို အကြံပြုဆွေးနွေးကြ ပါသည်။

၁၉။ ကျန်ရှိသည့် အစည်းအဝေးရက်များအတွင်း ယခင်ပြုလုပ်ခဲ့သည့် အစည်းအဝေး ဆောင်ရွက်ချက် များနှင့် ဆုံးဖြတ်ချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးခြင်း၊ ပူးပေါင်း ကော်မတီ၏ အပြီးသတ် အစီရင်ခံစာကို ရေးသားခြင်းများ ပြုလုပ်ခဲ့ကြပါသည်။

**သုံးသပ်ချက်နှင့် အကြံပြုချက်များ**

၂၀။ ၂၀၁၈ခုနှစ်၊ ဩဂုတ်လ(၁၆)ရက်နေ့တွင် မတ္တရာမြို့နယ်သို့ သွားရောက်၍ ဒေသခံတိုင်းရင်းသားများနှင့်တွေ့ဆုံရန်ရှိသော်လည်း လွှတ်တော်ဥက္ကဋ္ဌမှ ခွင့်ပြုခြင်းမရှိပါသဖြင့် သွားရောက် နိုင်ခြင်းမရှိပါ။ ပူးပေါင်းကော်မတီကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ (၈)ဦး၊ ပြည်ခိုင်ဖြိုးပါတီမှ (၂)ဦး၊ ဒီမိုကရက်တစ်ပါတီမြန်မာမှ (၁)ဦး၊ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် (၂)ဦးဖြင့် ဖွဲ့စည်းထားပါသည်။ (လွှတ်တော်ဥက္ကဋ္ဌ၏ မှတ်ချက်မှာ ကြားဖြတ်ရွေးကောက်ပွဲမှာ ရှမ်းတိုင်းရင်းသားလွှတ်တော် ကိုယ်စားလှယ် ရွေးကောက်ပွဲရှိသဖြင့် မဲဆွယ်စည်းရုံးခြင်း ဖြစ်မည်စိုး၍ ကွင်းဆင်းခြင်းကို ခွင့်မပြုနိုင် ကြောင်းဖြစ်ပါသည်)

၂၁။ ပထမအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော်မှ ပြဋ္ဌာန်းထားခဲ့သည့် ဥပဒေများအနက် ပူးပေါင်းကော်မတီမှ လေ့လာသုံးသပ်ရန် တာဝန်ယူရသည့်-

(က) မန္တလေးတိုင်းဒေသကြီး ရုပ်ရှင်ရုံနှင့် ဗွီဒီယိုရုံဥပဒေ (၂၀၁၄ခုနှစ်)

(ခ) မန္တလေးတိုင်းဒေသကြီး ပြတိုက်နှင့် စာကြည့်တိုက်များဥပဒေ (၂၀၁၄ခုနှစ်)

(ဂ) မန္တလေးတိုင်းဒေသကြီး ဇာတ်ရုံဆိုင်ရာဥပဒေ (၂၀၁၄ခုနှစ်)

(ဃ) မန္တလေးတိုင်းဒေသကြီး ဓာတ်ပုံ၊ပန်းချီ၊ ပန်းပုပြပွဲများဥပဒေ (၂၀၁၄ခုနှစ်)

(င) မန္တလေးတိုင်းဒေသကြီး တိုင်းရင်းဆေးဝါးဥပဒေ (၂၀၁၅ခုနှစ်)

(စ) မန္တလေးတိုင်းဒေသကြီး ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေးဥပဒေ (၂၀၁၅ ခုနှစ်)စသည့် ဥပဒေ(၆)ခုကို လေ့လာဆန်းစစ်ချက်များပြုလုပ်ခဲ့ပါသည်။ ယင်းတို့အနက် မန္တလေး တိုင်း ဒေသကြီး ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေးဥပဒေနှင့် မန္တလေးတိုင်း ဒေသကြီး တိုင်းရင်းဆေးဝါး ဥပဒေတို့ကို ပြင်ဆင်ဖြည့်စွက်နိုင်ရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများအား ခေါ်ယူတွေ့ဆုံ မေးမြန်းခြင်းများ ပြုလုပ်ခဲ့ပါသည်။ ယင်းဥပဒေများဟာ သက်ဆိုင်ရာ တိုင်းဒေသ ကြီး အစိုးရဌာနများမှ လက်တွေ့လိုက်နာကျင့်သုံးရန် လိုအပ်နေကြောင်း တွေ့ရှိရပါ သည်။ အမှန် တကယ် လိုက်နာကျင့်သုံး မှသာ ဥပဒေ၏ အားနည်းချက်၊ အားသာချက် လက်တွေ့ လုပ်ဆောင် ရာတွင် ကြုံတွေ့ရမည့် အခက်အခဲ များကို သိရှိနိုင်မည်ဖြစ်ပါသည်။ ဥပဒေများတွင် ပြင်ဆင်ရမည့် အကြောင်းအရာမှာ ဝန်ကြီးဌာနများ ပြောင်းလဲဖွဲ့စည်းခြင်းကြောင့်ဖြစ်ပေါ်လာသည့် စကားရပ် အသုံးအနှုန်းများသာ တွေ့ရှိရပြီး အခြားဥပဒေ အပေါ် အကျိုးသက်ရောက်မည့် ကိစ္စများကို မတွေ့ ရှိရပါ။ ထို့ကြောင့် ကော်မတီမှ အကြံပြုလိုသည်မှာ ပထမအကြိမ် မန္တလေးတိုင်းဒေသကြီး လွှတ်တော်မှ ပြဋ္ဌာန်းခဲ့သည့် ဥပဒေများကို တိုင်းဒေသကြီး အစိုးရ ဌာနများမှ လက်တွေ့လိုက်နာ ကျင့်သုံးရန် အကြံပြုတင်ပြလိုပါသည်။

၂၂။ အခြားကျန်ရှိသည့်ဥပဒေများကို ပူးပေါင်းကော်မတီမှ လေ့လာဆန်းစစ်ခဲ့ကြသော်လည်း သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရဌာနများကို ခေါ်ယူမေးမြန်းတွေ့ဆုံခြင်း မပြုလုပ်ခဲ့ပါ။ ၎င်း ဥပဒေများကိုလည်း သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရဌာနများမှ လက်တွေ့လိုက်နာကျင့်သုံး ဆောင်ရွက်စေလိုကြောင်း ထပ်ဆင့် တိုက်တွန်းအပ်ပါသည်။

**နိဂုံး**

၂၃။ သာသနာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီနှင့် တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာ ကော်မတီတို့မှ ပထမအကြိမ် မန္တလေးတိုင်းဒေသကြီးလွှတ်တော်က ပြဋ္ဌာန်းခဲ့သော ဥပဒေ၊ နည်း ဥပဒေများ ပြင်ဆင်ဖြည့်စွက်နိုင်ရေးကိစ္စနှင့် ပတ်သက်၍ အထူးအလေးထား ဆောင်ရွက်ခဲ့ပါ ကြောင်း တင်ပြအပ်ပါသည်။

| | |
|---|---|
| **ဥက္ကဋ္ဌ** | **ဥက္ကဋ္ဌ** |
| **သာသနာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ** | **တိုင်းရင်းသားလူမျိုးများအရေးဆိုင်ရာကော်မတီ** |
| **မန္တလေးတိုင်းဒေသကြီးလွှတ်တော်** | **မန္တလေးတိုင်းဒေသကြီးလွှတ်တော်** |